## နိဒါန်း

စပါးစိုက်ပျိုးမြေများတွင် သီးနှံဘေးထွက်ပစ္စည်းများဖြစ်သည့် ကောက်ရိုး၊ နှမ်းရိုး၊ ပဲရိုး၊ နေကြာရိုး၊ စပါးခွံ၊ ပဲစဉ်းငုံရိုး စသည်တို့ကို ထည့်သွင်းပေးခြင်းအားဖြင့် မြေဆီလွှာတိုးတက်ကောင်း မွန်ပြီး သီးနှံအထွက်နှုန်း တိုးတက်လာစေပါသည်။ စပါးသီးနှံ များကို ဆက်တိုက်စိုက်ပျိုးမည်ဆိုပါက ရိုးပြတ်များနှင့် ကောက်ရိုးအကြွင်းကျန်များ ဆွေးမြည့်ရန် လုံလောက်သော အချိန်မရရှိနိုင်သဖြင့် ရိုးပြတ်များ မဆွေးမြည့်နိုင်ဘဲ နောက်ထပ်စိုက်ပျိုးသော သီးနှံပင်အတွက် အောက်ဖော်ပြပါ ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် ရိုးပြတ်များ လျင်မြန်စွာ ဆွေမြည့်စေရန် စီမံဆောင်ရွက်ရမည် ဖြစ်ပါသည်။

## ရိုးပြတ်များမဆွေးမြည့်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများ

၁) ထယ်ထိုး၊ ထွန်မွှေခြင်း ဆောင်ရွက်ရန် ခက်ခဲခြင်း၊

၂) ယခင်စိုက်ပျိုးခဲ့သည့်သီးနှံများတွင် ကျရောက်ခဲ့သည့်မှိုနှင့် ဘက်တီးရီပိုးများသည် မဆွေးမြည့်သေးသော ရိုးပြတ်များပေါ်တွင် ဆက်လက်ရှင်သန်နိုင်ခြင်းကြောင့် ဆိုပါရောဂါပိုးမွှားများအတွက် ခိုအောင်းရန် နေရာကောင်းဖြစ်လာပြီး နောက်ထပ် စိုက်ပျိုးသည့်သီးနှံများကို လွယ်ကူစွာ ကူးစက်စေနိုင်ခြင်း၊

၃) ရိုးပြတ်များ လေမဲ့ဆွေးမြည့်မှုဖြစ်စဉ်ကြောင့် မီသိန်းဂတ်စ်များထွက်ရှိကာ အမြစ်ဖုံတွင် စုမိလာပြီး အပင်ကြီးထွားမှုကို အဟန့်အတားဖြစ်စေသည့်အပြင် ဓာတ်လျှော့ဖြစ်စဉ်များကြောင့်လည်း သံဓာတ်များစုပုံလာကာ စပါးပင်နီတိုဖြစ်စေနိုင်ခြင်း၊

၄) အဏုဇီဝပိုးများသည် မြေကြီးထဲမှ နိုက်ထရိုဂျင်ကိုအသုံးပြုသည့်အတွက် သီးနှံပင်အတွက် ရရှိနိုင်သော နိုက်ထရိုဂျင်များ နည်းသွားပြီး အပင်များဝါလာခြင်း၊ကြီးထွားမှုနှေးကွေးခြင်း၊ အထွက်နှုန်း ကျဆင်းခြင်း၊

၅) တချို့ပေါင်းမြက်မျိုးစိတ်များသည် သီးနှံရိုးပြတ်များကြားတွင် ပိုမိုလွယ်ကူစွာ ပေါက်ရောက်တတ်သည့်အတွက် ပေါင်းမြက်နှိမ်နင်းရန်ပိုမိုခက်ခဲစေပြီးနောက်သီးနှံအတွက် ပေါင်းမြက်ပြဿနာများဖြစ်စေခြင်း၊

## ရိုးပြတ်များလျင်မြန်စွာဆွေးမြည့်ရန် ဆောင်ရွက်ရမည့် နည်းလမ်းများ

စပါးခင်းများတွင် ရိတ်သိမ်းပြီးနောက် ကျန်ရှိသောရိုးပြတ်များကိုဆွေးမြည့်စေရန်အတွက်အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၁) ရိုးပြတ်များလျင်မြန်စွာ ဆွေးမြည့်စေရေးအတွက် လယ်ကွင်းထဲသို့ ရေပါးပါး ထည့်သွင်းပေးရန် လိုအပ်ပါသည်။

၂) တစ်ကေလျှင် အီးအမ်ဖျော်ရည် (၃) လီတာကို ရေ (၂၀) လီတာ နှင့်ရော၍ ရိုးပြတ်များပေါ်သို့ ဖျန်းပေးပါ။ သို့မဟုတ်ပါက သွင်းရေနှင့်အတူ ထည့်သွင်းပေးပါ။ အီးအမ်ထည့်သွင်းပေးခြင်းဖြင့် ဆွေးမြည့်မှုကို လျင်မြန်စေမည်ဖြစ်သည်။

၃) တစ်ကေလျှင် ပုလဲမြေဩဇာ (၅) ပြည်နှင့် ဆန်ကွဲ (သို့မဟုတ်) ဖွဲနု(၅) ပြည် ရော၍ ရိုးပြတ်များပေါ်သို့ ညီညီညာညာ ကြဲပက်ပြီးနောက် ရိုးပြတ်များကို မြေကြီးအနက် (၄-၈) လက်မအနက်သို့ ထယ်ထိုးမြေမြှုပ်ပေးပါ။ နက်လွန်းပါက လေဝင်လေထွက်နည်းပြီး ဆွေးမြည့်မှုကို နှောင့်နှေးစေနိုင်ပါသည်။

၄) ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းထားသော စပါးခင်းများတွင် ကျန်ရှိသောကောက်ရိုးများအား ဆွေးမြည့်စေရန်အတွက် ကောက်ရိုးများကို အရှည် (၂) လက်မ ခန့် နွားစာစဉ်းစက်ဖြင့် စဉ်းပါ။ စဉ်းထားသောကောက်ရိုးများကို နွားချေး (၆) တင်း ခန့်နှင့်ရော၍ ညီညာစွာ ကြဲပက်ပြီး ထယ်ထိုးမြေမြှုပ်ပေးပါ။ ပဲမျိုးရင်းဝင် အပင် များ၏ ရိုးပြတ်များကို

ထည့်သွင်းပေးနိုင်ပါက ဆွေးမြည့်မှုကို ပိုမို လျင်မြန်စေမည် ဖြစ်ပါသည်။

၅) ထယ်ထိုးမြေမြှုပ်ပြီး (၂) ပတ် ကြာပါက ကောက်ရိုး၊ ရိုးပြတ်များဆွေးမြည့်သွားပြီး စပါးစိုက်ပျိုးရန် မြေပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။



## အကျိုးကျေးဇူးများ

- ❖ ကောက်ရိုးများကို စပါးခင်းသို့ပြန်လည် ထည့်သွင်းပေးခြင်းဖြင့် သီးနှံပင်အတွက် (N,P,K) အာဟာရဓာတ်များကို ရရှိစေသည့်အပြင် မြေဆီလွှာ၏ မြေသားတည်ဆောက်မှုကို ပိုမိုကောင်းမွန်လာစေမည် ဖြစ်ပါသည်။
- ❖ ကောက်ရိုးတွင် နိုက်ထရိုဂျင် ၀.၆၅ %၊ ဖော့စဖရပ် ၀.၇၅ % နှင့် ပိုတက် ၂.၅% ပါဝင်ပါသည်။
- ❖ မြေဆီလွှာအတွင်းသစ်ဆွေးဓာတ်နှင့်အကျိုးပြုအဏုဇီဝသက်ရှိများ ပိုမိုကြွယ်ဝလာပြီး မြေသားဖွဲ့စည်းမှုကောင်းမွန်လာစေပါသည်။
- ❖ မီးမရှို့ခြင်းကြောင့် လေထုညစ်ညမ်းမှုနှင့် ရာသီဥတု ဖောက်ပြန်ခြင်းကို လျှော့ချနိုင်ပါသည်။
- ❖ စပါးစိုက်ပျိုးမှုအတွက် မြေပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူလာသည်ကို တွေ့ရပါသည်။
- ❖ ရိုးပြတ်များကို စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် တောင်သူများကုန်ကျစရိတ် သက်သာစေပြီး ပိုမို အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
မြေအသုံးချရေးဌာနခွဲ

# စပါးရိုးပြတ်များအား လျင်မြန်စွာ ဆွေးမြည့်စေရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ



၂၀၂၅ ခုနှစ်၊ ဇူလိုင်လ